**မျိုးစေ့ပြပွဲများ - ဒေသဆိုင်ရာဇီဝကွဲပြားမှုကို အထောက်အကူပြုရန်အတွက် ဒေသထွက်မျိုးစေ့လဲလှယ်ခြင်း တိုးတက်လာစေရန် အားပေးမြှင့်တင်ခြင်း**

ECHO အာရှမှတ်တမ်းများ
ECHO ဖွံ့ဖြိုးမှုမှတ်တမ်းများအတွက် ဒေသဆိုင်ရာထပ်ဆောင်းစာစောင်
အမှတ်စဉ် ၁၂၊ ဇန္နဝါရီလ ၂၀၁၂

**ဖော်ရာ အက်(စ)၊ မေ(ဇ)နာ ယွန်တာ- Ph.D. နှင့် ဗင်းစင့် ရစ်စီအာဒီ မှရေးသားသည်။**

**နိဒါန်း**

သင်နေထိုင်သောဒေသတွင် အထူးသဖြင့်အလားအလာကောင်းသည့် ဒေသထွက်သီးနှံတစ်မျိုးကိုတွေ့ရှိပါက ဤအမျိုးအစားကို အခြားသောလယ်သမားများ စမ်းသပ်လာရန်သင်မည်သို့အားဖြင့်ပြုလုပ်နိုင်မည်နည်း။ လယ်သမားတစ်ဦးမှ သင့်အား ထူးခြားသောမျိုးစေ့အစေ့၃ဂကိုပေးပါက သင်မည်သို့ဖြန့်ဝေမည်နည်း။ သင်နေထိုင်ရာကျေးရွာအတွင်းနှင့် သင် အလုပ်လုပ်သောနေရာအတွင်း မျိုးစေ့၏လည်ပတ်မှုမည်သို့ဖြစ်ပေါ်သနည်း။

ဤဆောင်းပါးတွင် မတူသည့်မျိုးစေ့ပြပွဲလေးမျိုးကို လက်ခံကျင်းပသည့် ECHO အာရှ၏အတွေ့အကြုံများအား ဝေမျှထားပါသည်။ မျိုးစေ့ပြပွဲ တစ်ခု၏ အရေးကြီးသောအစိတ်အပိုင်းများစွာကိုလည်း အဓိကထား၍ ဖေါ်ပြထားပါသည်။ ထို့ကြောင့်သင်၏အဖွဲ့အစည်းမှ ဤကဲ့သို့လက်ခံကျင်းပရန်စိတ်ဝင်စားပါက ကျွန်ုပ်တို့၏ အတွေ့အကြုံမှ သင်ယူနိုင်ပါသည်။




ECHO ကွန်ယက်မိတ်ဖက်လုပ်ကိုင်ဆောင်ရွက်သူများ၏ အရေးကြီးသောဆောင်ရွက်ချက်တစ်ခုမှာ လယ်သမားများအား ဒေသအခြေအနေများပေါ်မူတည်၍ စိုက်ပျိုးနိုင် သောအပင်အမျိုးအစားများကို ခွဲဝေနေရာချခြင်း၊ စမ်းသပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းများတို့တွင် ကူညီခြင်းဖြစ် သည်။ ကောက်ပဲသီးနှံများနှင့် ကျေးလက်ဒေသများတွင် အားထားနိုင်လောက်သော ထုတ်လုပ်နိုင်မှုနှင့် လက်လှမ်းမီနိုင်သည့် ဖြည့်စွမ်းမှုများသည် ပိုင်ဆိုင်မှုနဲသောလယ်သမားများ အတွက်လိုအပ်သည်။ ECHO ကွန်ယက်တွင်ရှိသော လယ်သမားအများစုသည် မိမိတို့စိုက်ပျိုးရန်မျိုးစေ့များကို ထုတ်လုပ်စုဆောင်းကြ၍ အချို့သောကောက်ပဲသီးနှံများအတွက် လယ်သမားအချို့မှာ စီးပွားဖြစ်ကြော်ငြာသောမျိုးစေ့ကို အသုံးပြုသည့် အကူးအပြောင်းကာလ ဖြစ်သည်။ လယ်သမားများ၏မျိုးစေ့ရရှိနိုင်မှု၊  ထုတ်လုပ်မှုနှင့် လက်တွေ့ကျင့်သုံးမှုတို့ကိုနားလည်သဘောပေါက်ခြင်းသည် ဒေသခံလယ်ရာစိုက်ပျိုးမှုစနစ်များ ပိုမိုတိုးတက်လာစေရန် အလွန်အရေးပါသောအပိုင်း ဖြစ်သည်။

ECHO ၏မျိုးစေ့ဘဏ်[http://www.echonet.org/content/SeedBank, http://asia.echonet.org/content/ECHO%20Asia%20Seed%20Bank] သည်ထိုကဲ့သို့သောအ မျိုးအစားများကိုပိုမိုရရှိနိုင်ရန်ဆောင်ရွက်သည်။ **မျိုးစေ့ပြပွဲသည် လယ်သမားများအတွက် ဒေသထွက် မျိုးစေ့များ ကို လဲလှယ်ခြင်း** ၊ မျိုးစေ့များကိုပြသခြင်း၊ မိမိတို့၏ အကောင်းဆုံးသောမျိုးစေ့အမျိုးအစားများကိုမျှဝေခြင်းနှင့် လိုအပ်သောပစ္စည်းအသစ်များကို အခြားသောလယ်သမားများထံမှတိုက်ရိုက်စမ်းသပ်ရရှိနိုင်ပါသည်။ **ဤအစီအစဉ်များသည် လယ်သမားများအတွက်ထိရောက်၍ ပျော်မွေ့ဖွယ်ကောင်းသည့်နည်းလမ်းဖြစ်သည်**။ သတ်မှတ်ထားသည့် စိုက်ပျိုးသောနယ်ပယ်ဒေသမှ ဆောင်ရွက်ချက်များအတွက် မိမိတို့စိုက်ပျိုးထားသည့်မျိုးစေ့များအကြောင်းတင်ပြခြင်း၊ စိတ်ဝင်စားသောမျိုးစေ့များကိုတစ်ဦး ရောင်းဝယ် ဖေါက်ကားခြင်း၊ အရေးကြီးသော မျိုးစေ့ပြသနာများကို ဆွေးနွေးခြင်းနှင့် မျိုးစေ့ရွေးချယ်ခြင်း၊ သိုလှောင်ခြင်းနှင့် ပတ်သက်သည့်

ကောင်းသော ကျင့်သုံးမှုများနှင့်ပတ်သက်၍ ပိုမိုသင်ယူနိုင်ခြင်းအားဖြင့်လယ်သမားများကို စုစည်း စေသည်။ လယ်သမားများအား ဒေသသီးနှံများသို့မဟုတ် မျိုးစေ့များကိုအဆင်သင့်ရနိုင်သည့်အခွင့် အလမ်း ဆုံးရှုံးသော အချို့ နေရာများတွင် ယင်းအခွင့်အလမ်း ပြန်လည်ရရှိနိုင်ရန်ပြုလုပ်ခြင်းနှင့် ဒေသမျိုးစေ့များ ထုတ်ပေး ခြင်း တို့ကို တိုးချဲ့ ဆောင်ရွက်ခြင်းသည် လယ်သမား များအားအကြွေးသံသရာမှ လွတ်မြောက်စေရန်နှင့် ဒေသစား သုံးမှုဖူလုံစွာ /ရရှိရန် အတွက် အဓိကကျသော ကူညီမှုဖြစ်သည်။[၁]

၂၀၁၀-၂၀၁၁ တွင် ECHO အာရှအကျိုးသက်ရောက်မှုစင်တာ (Asia Impact Center) နှင့်မိတ်ဖက်လုပ်ကိုင် ဆောင်ရွက်သူများ[၂] သည်ထိုင်းနိုင်ငံမြောက်ပိုင်း နှင့် ကမ္ဘောဒီးယားနိုင်ငံ ကျေးရွာအုပ်စုသုံးအုပ်စုတွင် မျိုးစေ့စနစ် နှင့် ပတ်သက်၍ သုတေသနသုံးလပြုလုပ်ခဲ့သည်။ ဒေသတစ်ခုစီ၌သုတေသနပြုလုပ်ခြင်းတွင် လယ်သမားများ ပါဝင်စုစည်း၍ တစ်ဦးစီ၏မျိုးစေ့များနှင့်ပတ်သက်၍ လေ့လာသင်ယူကာ မိမိမျိုးစေ့များကိုအခြား လယ်သမားများအား လဲလှယ်ခြင်းတို့ဖြင့် မျိုးစေ့ပြပွဲများကိုအဆုံးသတ်ပါသည်။ ကျွန်ုပ်တို့သည် အိန္ဒိယနိုင်ငံတွင်လည်းစတုတ္ထမျိုးစေ့ ပြပွဲကိုလက်ခံဦးစီးကူညီဆောင်ရွက်ခဲ့ပါသည်။ ပြပွဲများသည်ကျွန်ုပ်တို့အား ဒေသထွက် ဟင်းသီးဟင်းရွက်အမျိုးအစား များကိုလယ်သမားအချင်းချင်းလဲလှယ်ရာတွင် အဆင်ပြေစွာအကူအညီပေးနိုင်ခြင်းနှင့်ပတ်သက်သည့် လေ့လာခွင့် ကိုရရှိခဲ့ပါသည်။ မျိုးစေ့ပြပွဲတစ်ခုစီတွင် လယ်သမားများနှင့်အခြားသောဧည့်သည်များသည် ယင်းတို့မသိသော သို့မဟုတ် ယင်းတို့၏ဒေသတွင်မရှိဟု ထင်ခဲ့သောအချို့သောအစေ့အမျိုးအစားများနှင့် ပြည်တွင်းနှင့် နီးစပ်သော အစေ့အမျိုးအစားများကိုတွေ့ရှိခွင့်ရခဲ့သည်။

**မျိုးစေ့ပြပွဲတစ်ပွဲကို လက်ခံကျင်းပသည့်အခါတွင်**

ကျွန်ုပ်တို့၏အတွေ့အကြုံများအရ အောက်ပါဖော်ပြထားသော မျိုးစေ့ပြပွဲကျင်းပရာတွင်အရေးကြီးသည့်အချက်အလက် များစွာကိုသင်ယူရရှိခဲ့ပါသည်။

**၁) လယ်သမားများအဖွဲ့များ၊ ဒေသခေါင်းဆောင်များနှင့်အတူ သင်၏ရိုးရှင်းသောမျိုးစေ့ပြပွဲ ရည်ရွယ်ချက် အနည်းငယ်ကိုဆုံးဖြတ်ပါ။ ထို့နောက် ဤရည်ရွယ်ချက်များကို နေရာ၊ အချိန်ကိုက်ညီမှု၊ ဖိတ်ကြားခြင်းများနှင့် ဤပြပွဲအတွက် အစီအစဉ် ရေးဆွဲခြင်းများက မည်သို့ အထောက်အကူဖြစ်စေနိုင်မည်ကိုစဉ်းစားပါ။**

ဒေသစည်ရုံးရေးကော်မတီတစ်ခုမှ ဤအကြောင်းအရာနှင့်ပတ်သက်၍ ဇပဟိုကျေးရွာအခြေပြုဦးဆောင်မှု၊ မိမိတို့ ကိုယ်တိုင်တာဝန်ယူမှုအပိုင်း၊ ပြပွဲတွင်အားတက်သရောပါဝင်မှုအပိုင်းတို့ကို တည်ဆောက်လိမ့်မည်။ အောက်ပါကဏ္ဍများကိုစဉ်းစားပါ။

- သင်သည်ပါဝင်တက်ရောက်သူအားလုံးတို့အား ဒေသသီးနှံဇီဝကွဲပြားခြားနားခြင်း၊ လယ်သမားများထုတ်လုပ်သောမျိုးစေ့ထောက်ပံ့ခြင်းများ သို့မဟုတ် အခြားသောအကြောင်းအရာများနှင့်ပတ်သက်၍ မိမိတို့ အိမ်သို့ ယူဆောင်စေလိုသောအဓိကသတင်းစကားများကားအဘယ်နည်း။
- လယ်သမားများ၏လယ်ယာများတွင် လယ်သမားမျိုးစေ့စုဆောင်းခြင်းနှင့်ဇီဝကွဲပြားခြားနားခြင်းတို့၏ လက်ရှိ အခြေအနေသည်အဘယ်နည်း။ သင်နေထိုင်ရာဒေသတွင် စိုက်ပျိုးရေးကိုပြောင်းလဲစေရန် ဖြစ်ပေါ်စေသည့် လွှမ်းမိုးမှုမှာအဘယ်နည်း။ လယ်သမားများနှင့်စီးပွားဖြစ်ထုတ်လုပ်ခြင်းတို့၏ အပြန်အလှန်ဆက်သွယ်မှုမည် သို့ရှိ သနည်း။
- သင်၏နယ်ပယ်ဒေသတွင်ဒေသမှလိုအပ်သောသီးခြား သီးနှံအမျိုး အစားသို့မဟုတ် စိုက်ပျိုးဇီဝကွဲပြားခြားနား ခြင်းကိုဦးစားပေးရွေးချယ်ရန် အသိပညာရှိပါသလား။
- သင်၏အဖွဲ့အစည်းသည်လည်း ဒေသရှိစိုက်ပျိုးနေဆဲဖြစ်သော အမျိုးအစားအစီအရီများနှင့် ပတ်သက်၍လေ့ လာရန် (သုတေသန၊ မှတ်တမ်းနှင့်/သို့မဟုတ်စုဆောင်းခြင်း) အတွက်မျိုးစေ့ပြပွဲကိုအသုံးပြုပါသလား။
- ဒေသဆိုင်ရာအစိုးရနှင့် စိုက်ပျိုးရေးကိုယ်စားလှယ်များသည် ပြပွဲတွင်မည်သည့်အခန်းကဏ္ဍ(ရှိပါက)တွင် ပါဝင်မည်နည်း၊ လယ်သမားများ၏ ဇီဝကွဲပြားခြားနားခြင်းနှင့်ပတ်သက်၍ ယင်းတို့ပါဝင်မှုမှတဆင့်မည်သည်တို့ ကိုလေ့လာသင်ယူစေလိုသနည်း။

- ဟောပြောသည့်အရာများ၊ အဖွဲ့ငယ်ဆွေးနွေးခြင်းများ၊ ဂိမ်းများ၊ သီချင်းများ၊ ပြဇာတ်၊ ပုံမှန်သို့မဟုတ် ပုံမှန်မဟုတ်သောပညာရေး၊ သို့မဟုတ် လယ်သမားများမှတင်ပြခြင်းများသည် ဤအစီအစဉ် အတွက်သင်မှသင်ယူစေလိုသောအဓိကရည်ရွယ်ချက်များနှင့် အကိုက်ညီဆုံးဖြစ်နိုင်မည်လား။ တီထွင်ဖန်တီးလိုစိတ်ရှိပါ !

## ၂) စုပေါင်းဆွေးနွေးမည့်နေရာနှင့် ပါဝင်တက်ရောက်မည့်သူများကိုရွေးချယ်ပါ။



ပြပွဲတစ်ခုစီသည်မတူညီသောအခြေအနေပေါ်တွင်မူတည်၍ကျင်းပခဲ့ရာ စိုက်ပျိုးရေးတွင်ပါဝင်သော အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) ဝန်ထမ်းများမှဆက်လက်လုပ်ကိုင်ဆောင်ရွက်နေသည့် လယ်ယာနှင့်ပတ်သက်သည့်ကျေးရွာများ၊ စီးပွားဖြစ် စိုက်ပျိုးရေးစနစ်နှင့် ဆက်နွယ်သော လူထုများအထိပါဝင်သည်။ ပထမဆုံးသော မျိုးစေ့ပြပွဲကို နယ်ပယ်ဒေသဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) အစည်းအဝေးတွင် ပူးပေါင်းပြုလုပ်ခဲ့၍ အခြားတို့မှာပညာရေးကဏ္ဍပါဝင်သောသီးသန့်အစီအစဉ် များဖြစ်သည်။ လူအများစုစည်းသည့် နေရာဖြစ်သည့်အခြားသောရိုးရာပွဲ၊ ဘာသာရေး သို့မဟုတ် အများသိစေရန်ပြုလုပ်သောပွဲများတွင် မျိုးစေ့ပြပွဲကို လက်ခံကျင်းပနိုင်ပါကယင်းအတွက် ကုန်ကျစရိတ်သက်သာနိုင်၍ လူအများပိုမိုတက်ရောက်နိုင်သောအခွင့်အလမ်းရရှိနိုင်သည်။ ၎င်းသည် မိမိတို့ တွေ့ဆုံခဲ့သည့် လယ်သမားများ ထပ်ဆောင်းမျိုးစေ့သို့မဟုတ် သီးနှံနှင့်ပတ်သက်သောအကြောင်းအရာများနှင့်ပတ်သက်၍ နောက်ပိုင်းတွင်မိမိတို့အချင်းချင်းဆက်သွယ်မှုရရှိနိုင်သည်။ ဤနည်းဖြင့်ယင်းတို့ဒေသရှိ မျိုးစေ့ကွန်ယက်ကိုပို၍ တည်ဆောက်နိုင်မည်။ အမျိုးသားများထက်အမျိုးသမီးများကတက်ရောက်၍မျိုးစေ့များကို ပြပွဲသို့ယူလာသည်။ အကြောင်းရင်းနှစ်ခုရှိ ပုံရပါသည်။မကြာမီကပြုလုပ်ခဲ့သောသုတေသနမှ အမျိုးသမီးအဖွဲ့များကို မျိုးစေ့ပြပွဲတွင် ယင်းတို့၏အရေးပါသော ပါဝင်ဆက်ကပ်မှုကိုအလေးထား၍ လူတွေ့မေးမြန်းခဲ့ပြီး၊ ကျေးရွာအခြေပြုအစီအစဉ်များကို အမျိုးသမီးများအလွယ်တကူအတူတကွသွားလာနိုင်သောနေရာများတွင်ပြုလုပ်ခဲ့သည်။

အစီအစဉ်သို့ယူလာသောမျိုးစေ့များထဲမှ **လုံလောက်သောကွဲပြားသည့်အမျိုးအစား** များကိုပြသနိုင်ရန်အသေအချာကြိုးစားပါ။ **ထုတ်လုပ်မှုအများဆုံးမျိုးစေ့နှင့် လယ်သမားများအကြား ဗဟုသုတဖလှယ်ခြင်းသည် လယ်သမားများပိုမိုဝေးလံသောဒေသမှမျိုးစေ့များကိုဝေငှရန် ယူလာသောအခါတွင်အရေးပါသည်**။လယ်သမားများသည် အလွန်နီးကပ်သောကျေးရွာအုပ်စုတခုအတွင်းမျိုးစေ့ပြပွဲကိုပြုလုပ်သောအခါ မိမိတို့၌ရှိပြီးသားဖြစ်၍သော်၎င်း၊ မိမိတို့ဖာသာရယူနိုင်သဖြင့်၎င်း စိတ်ဝင်စားမှုနဲကြသည်။ သို့သော်ပိုမိုကျယ်ပြန့်သောနေရာဒေသများမှလူများကိုစုစည်းခြင်းဖြင့် သယ်ယူပို့ဆောင်ရသောအချိန်၊ ကုန်ကျစရိတ်နှင့် မတူညီသောလူမျိုးစုများအတွက် ဘာသာပြန်ခြင်းများတို့တွင် စိန်ခေါ်မှုများကို ထပ်မံရင်ဆိုင်ရမည်။ သင်၏နယ်ပယ်ဒေသတွင် မည်သည့်သီးနှံ၊ စိုက်ပျိုးဖုံများနှင့် အခြားသောအချက်အလက်များသည် အဖိုးတန်ဆုံးဖြစ်မည်ကိုစဉ်းစားပါ။

အရာရှိများ၊ တိုးချဲ့စိုက်ပျိုးရေးအရာရှိများနှင့် အခြားသော အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) ကိုယ်စားလှယ်များကိုဖိတ်ခြင်းဖြင့်ယင်းတို့အား ဒေသလယ်ယာ သီးနှံဇီဝကွဲပြားခြားနားခြင်းကို လေ့လာသိရှိစေသောအခွင့် ဖြစ်ပေါ်စေသည်။ ကျွန်ုပ်တို့၏မျိုးစေ့ပြပွဲသို့ တက်ရောက်သည့်ထိုကဲ့သို့သောပုဂ္ဂိုလ်များအား လယ်သမားများယူဆောင်လာသောမျိုးစေ့အစီအရီတို့က ထူးခြားသော အံ့သြမှုများဖြစ်ပေါ်စေပါသည်။ ဤအရာသည် အမျိုးများပြားသောသီးနှံကိုနဲသွားအောင်ပြုလုပ်ခြင်းအား အထောက်အကူပြုသောပေါ်လစီများနှင့် အစီအစဉ်များကို အသိပေးရန်အတွက် အကောင်းဆုံးသော အခွင့်အရေးဖြစ်သည်။ သို့သော်စည်းရုံးစီစဉ်သူများသည် ထိုကဲ့သို့သော ဧည့်သည်များအား မိန့်ခွန်းပြောရန်ပေးထားသောအချိန်သည် လွန်ကဲစွာလွှမ်းမိုး ခြင်းမရှိရန်နှင့် မျိုးစေ့ပြပွဲ၏အဓိကကျသောဦးတည်

ချက်ဖြစ်သည့်လယ်သမားအချင်းချင်းသို့မျိုးစေ့နှင့် အကြောင်းအရာအချက်အလက်ဖလှယ်ခြင်းမှ သွေဖီမှု မဖြစ်စေရန် သေချာစွာပြုလုပ်ရန်လိုအပ်သည်။

### ၃) သင့်လျော်သောအချိန်ကိုဖော်ထုတ်ခြင်း

မျိုးစေ့ပြပွဲများကို **လယ်သမားများမျိုးစေ့စုဆောင်းပြီးသောအချိန်ဖြစ်သည့် ရိတ်သိမ်းပြီးချိန်နှင့်အဓိကစိုက်ပျိုးမှု မစတင်မီအချိန်တွင်**ပြုလုပ်ရမည်။ ကျွန်ုပ်တို့၏ကွင်းဆင်းလေ့လာမှုများအရ စိုက်ပျိုးရာသီတွင်ကျေးရွာနေအိမ်များ၌မျိုးစေ့အလွန်နဲသည်ကိုတွေ့ရသည်။ ထို့ကြောင့်မျိုးစေ့ပြပွဲတွင်လဲလှယ်ရန် အနည်းငယ်သာရှိမည်။ ရွာသားများ တက်ရောက်ချိန်ရရှိနိုင်ရန်အတွက် မျိုးစေ့ပြပွဲများကို ရုံးပိတ်ရက်မဟုတ်သော နံနက်များတွင်ပြုလုပ်ရန် အစီအစဉ်ဆွဲသည်။ ကျောင်းတက်နေသောလူငယ်များ၊ အမျိုးသမီးများနှင့် လူမျိုးစုအသီး သီး/ဘာသာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအားတက်ရောက စေလိုပါက ပြပွဲကိုထိုသူများတက်နိုင်သည့်အချိန်တွင် စီစဉ်ပါ။

### ၄) ပါဝင်တက်ရောက်မည့်သူများကိုဖိတ်ကြား၍ မည်သည့်မျိုးစေ့အမျိုးအစားယူလာရမည်ကို ဆွေးနွေးပါ။

ကျွန်ုပ်တို့သည်ယင်းတို့၏ဒေသမျိုးစေ့စနစ်နှင့်ပတ်သက်၍ လူတွေ့မေးမြန်းရာတွင်ပါဝင်သောသူများအား ဖိတ်ခေါ်ပါသည်။  ကျွန်ုပ်တို့၏နယ်ပယ်ဒေသထဲတွင်အခကြေးငွေ သို့မဟုတ် အစေ့များကိုပြန်ပေးရန် သို့မဟုတ်ထုတ်လုပ်ရန် မမျှော်လင့်ဘဲ ဟင်းသီးဟင်းရွက်မျိုးစေ့ အနည်းငယ်ကို အခမဲ့ ဝေငှပါသည်။ ကျွန်ုပ်တို့သည် လယ်သမားများနှင့် အတူမျိုးစေ့ ပြပွဲ၏ရည်ရွယ်ချက်များကိုဆွေးနွေး၍ ဤအချိန်အခါသည် မိမိတို့၏ထူးခြား၍သမရိုးကျ မဟုတ်သော အပင်အမျိုးအစားများကိုပြသရန်ဖြစ်သည် ဟု အလေးထား၍ပြောဆိုပါသည်။ ကျွန်ုပ်တို့ ၏ အစီအစဉ်များသည်အဓိကထုတ်လုပ်သောနံစား သီးနှံသို့မဟုတ် မျိုးစပ်များ အပေါ်တွင်ဦးတည်ခြင်း မဟုတ်၊ ဒေသဟင်းသီးဟင်းရွက်အမျိုးအစားများကို အထူးဦးတည်သည်ကိုသတိပေးပြောဆိုပါသည်။ ဤကဲ့သို့ရှင်းလင်းချက်များပြုလုပ်ခဲ့သော်



လည်း အချို့သောလယ်သမားများသည် ပြောင်းမျိုးစပ် အရောအနှောအထုပ်များ သို့မဟုတ် ဒေသထွက် စပါး အမျိုးအစား ကို ယူဆောင်လာခဲ့ကြသည်။ သို့သော်ယင်းအထုပ်အားလုံးလိုလိုကို လယ်သမားများယူဆောင်သွားခြင်းမပြုပေ။ မျိုးစေ့ပြပွဲပြီးဆုံးသောအခါတွင်စားပွဲများပေါ်တွင်ကျန်နေခဲ့သည်။ ကြည့်ရသည်မှာ အခြားလယ်သမား များမှ တင်ပြခဲ့သောပဲနှင့်အခြားသောဟင်းသီးဟင်းရွက်အများလောက် စိတ်ဝင်စားဘွယ်မကောင်းသည့်ပုံပေါ်လွင်ပါသည်။

### ၅) မျိုးစေ့အိတ်အလွတ်များကို ပါဝင်တက်ရောက်သောလယ်သမားများထည့်ယူသွားနိုင်ရန် ကြိုတင်ဝေငှခြင်း။

ကျွန်ုပ်တို့၏ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO)  စိုက်ပျိုးရေးဝန်ထမ်းများအကြား ပထမဆုံးသောမျိုးစေ့လဲလှယ်ခြင်းတွင် မျိုးစေ့များကိုအစုလိုက်အပုံလိုက်ယူလာကြသည်။ စည်းဝေးတွင်လူတိုင်းသည်မျိုးစေ့များယူလာသော သူများထံမှ အမျိုးအစားများနှင့်ပတ်သက်၍ ကြားပြီးစိတ်ဝင်စားသောမျိုးစေ့များအတွက် လက်မှတ်ထိုးပြီးသောအခါ ရှိသောအစေ့များအားလုံးကို အိတ်အရေအတွက်များထဲသို့ခွဲ၍ထည့်သည်။ ယင်းမှာအစီအစဉ်တွင် အချိန်များစွာ ယူပါ သည်။ ထို့ကြောင့်ယင်းနောက်ပိုင်းတွင် ပိတ်နိုင်သောဆေးထည့်သည့်အိတ်ငယ်များကို ပါဝင် တက်ရောက်သူအား မျိုးစေ့ပြပွဲသို့ဖိတ်သောအခါတွင်ဝေငှသည်။ ထိုအခါမျိုးစေ့ပြပွဲတွင်ယင်းတို့ ဝေငှလိုသော မျိုးစေ့များကို ကြိုတင်၍အမျိုးအစားခွဲထားနိုင်သည်။ လယ်သမားများ၏အမည်၊ နေရာ ဒေသ၊ ရိတ်သိမ်းသောလ/နှစ်၊ မျိုးစေ့အမျိုးအစားနှင့်

၏အမျိုးအစား၏ မည်သည့်ထူးခြားသောလက္ခဏာကိုမဆိုရေးနိုင်ရန် လေဘယ်ကို အိတ်များ တွင်တွဲပေးသည်။ သီးခြားကိန်းဂဏန်းဖြင့်အိတ်တစ်ခုစီကိုကြိုတင်ပေးခြင်း(လေဘယ် နှင့် မာကာပင်ကိုအိတ်အပေါ် တွင်တိုက်ရိုက်) သည် မျိုးစေ့ပြပွဲတွင် မျိုးစေ့နှင့်ပတ်သက်သော အချက်အလက်များကိုမှတ်သားရန် လွယ်ကူစေသည်။ စမ်းသပ်မှုအတွက် မျိုးစေ့လုံလောက်မှုကိုသေချာစေရန် လယ်သမားများအားကြီးသော အစေ့များ (ပဲစေ့ကဲ့သို့သော) ကိုတစ်အိတ်လျှင် အနည်းဆုံးမျိုးစေ့ ၂၀ထည့်စေ၍ သေးသောအစေ့များကို လက်ဘက်ရည်ဇွန်းတစ်ဇွန်း အပြည့်ထည့်စေပါသည်။ဖိတ်စာများကို မျိုးစေ့အိတ်များပေါ်ငစဉ်ပေးခြင်းဖြင့် အမျိုးသမီးလယ်သမားများ၏ပါဝင်မှုမျှော်လင့်ချက်ကို ပိုမို သိသာစေပါသည်။

## ၆) မည်သည့်အကြောင်းအရာအချက်အလက်များကို ကောက်ယူမည်ကို ဆုံးဖြတ်၍ သတ်မှတ်ပါ။




မျိုးစေ့ပြပွဲများသည် လယ်သမားများ တစ်ဦးနှင့် တစ်ဦး အချင်းချင်းထံမှ သင်ယူနိုင်သည့် အခွင့် အရေးဖြစ်သည်။ သို့သော်ယင်းအစီအစဉ် သည် သင်၏အဖွဲ့အစည်း အတွက်လည်း လယ်သမား အမျိုးမျိုး ၊မျိုးစေ့နှင့်ပတ်သက်သည့် ကျင့်သုံး မှုများနှင့် လယ်သမားများအတွက် မျိုးစေ့ထုတ် ခြင်းနှင့်ပတ်သက်သော စိန်ခေါ်မှု သို့မဟုတ် ကန့်သတ်ချက်များကို ပိုမိုသိစေသော အခွင့် အရေးကိုရစေသည်။ သင်သည်လယ်သမား များ၏တစုံတခုသော သီးနှံနှင့်ပတ်သက်၍ ဦးစားပေးရွေးချယ်မှုနှင့် ယင်းတို့၏မတူ သော ဒေသခံအမျိုးအစားများ၏ ထူးခြားသော လက္ခဏာများကို ကြားရသောအခွင့်ရနိုင်မည်။ ၎င်းတို့သည်အစေ့များကိုမည်သို့ရွေးချယ်ပုံနှင့် အစေ့များကိုထုတ်လုပ်ခြင်းနှင့် ပတ်သက်သည့်အကြောင်းဖေါ်ပြသောအခါ သေချာစွာနားထောင်ပါ။၎င်းတို့စိုက်ပျိုးသည့်မျိုးစေ့များထုတ်လုပ်မှု အတွေ့အကြုံသည် ရှားပါး၍ သေချာမှုမရှိသောအရင်းအမြစ်သို့မဟုတ် ၎င်းတို့၏ စိုက်ပျိုးရေးစနစ်အတွင်း များပြား၍ အကန့်အသတ်မရှိသည့် အခြေအနေဖြင့် တွေ့ကြုံရပါသလား။

အကယ်၍စုစည်းရရှိသောအချက်အလက်သည် သင်၏ရည်ရွယ်ချက်များထဲမှတစ်ခုဖြစ်လျှင် သင်၏စာရင်းကောက်ယူသောပန်းတိုင်သည် လယ်ယာမျိုးစေ့ဖလှယ်ခြင်းကိုအနာက်အယှက်ပြုသည်ထက် အထောက်အကူပြုရန်သတိပြုပါ။ လိုအပ်သည့်အချက်အလက်များနှင့် အစကထဲပင် အချက်အလက်များကို စနစ်ကျသောနည်းလမ်းဖြင့် စုစည်းသိထားနိုင်ရန်သေချာစွာပြုလုပ်ပါ။ မည့်သည့်အချက်အလက်များကိုကြိုတင်ကောက်ယူလိုသည်ကို သတ်မှတ်ထား၍ လယ်သမားများယူလာသည့်မျိုးတူမျိုးစေ့တစ်ခုစီအတွက် အချက်အလက်မှတ်တမ်းရေးမှတ်သောပုံစံနှင့်အခြားသော နည်းများ (လယ်သမားများခါတ်ပုံနှင့်ယင်းတို့၏နံပါတ်တပ်ထားသောအထုပ်များ သို့မဟုတ် သီးခြားအထုပ်များ၏ အနီးကပ် ရိုက်ထားသည့်လေဘယ်ပုံများ)ကိုပြုလုပ်ပါ။ လယ်သမားတစ်ဦးစီအား ထပ်ဆောင်းမျိုးစေ့သို့မဟုတ် အချက်အလက်များလိုအပ်ပါက ဆက်သွယ်နိုင်ရန် လယ်သမား၏အမည်နှင့် နေရပ်ကိုမှတ်သားပါ။ မျိုးစေ့တစ်ထုပ်စီ အတွက်ဒေသခံသီးနှံနှင့်အမျိုးအစားများ၊ စိုက်ပျိုးသောနယ်ပယ်ဒေသ၊ ရိတ်သိမ်းချိန်နှင့် ယင်းအမျိုးအစား၏ ထူးခြားသောလက္ခဏာ (ပုံမှန်မဟုတ်သောအရောင်၊ အရွယ်၊ စော/နောက်ကျရိတ်သိမ်းခြင်း၊ ကြီးထွားသော သက်တမ်း၊ အရသာ၊ သိုလှောင်သောအရည် အသွေးများ၊ ချက်သည့်အခါထူးခြားသောလက္ခဏာ၊ ထုတ်လုပ်ရန် လိုအပ်ချက်များ စသည်ဖြင့်)

**လွယ်ကူသောပုံစံ ကိုအသုံးပြု၍ လိုအပ်သောအချက်အလက်ကိုသာလျှင်ကောက်ပါ။** အချိန်သည်အကန့်အသတ်ရှိ၍ မလိုအပ်သော အချက်အလက်များနှင့် ရှုပ်ထွေးလွန်းသောပုံစံသည် အချက်အလက်ရရှိရန်အလွန်ကြာ၍ တစိတ်

တပိုင်းကိုသာဖြည့်စွက်လျှင် အသုံးဝင်မည်မဟုတ်ပါ။ ”မည်သည့်အရာသည် ဤအမျိုးအစားအတွက် အကောင်းဆုံး သို့မဟုတ် ထူးခြားသော လက္ခဏာသည်ဖြစ်သနည်း” ကဲ့သို့သော အဖွင့်အပိတ်မေးခွန်းများကိုထည့်ပါ။

## ၇) သင်သည် လယ်သမားအမျိုးအစားနှင့်ပတ်သက်သော အချက်အလက်များကို ကြိုတင်၍ သို့မဟုတ် မျိုးစေ့ပြပွဲ အစတွင်ကောက်ယူမည်ကိုဆုံးဖြတ်ပါ။

သင်၏အဖွဲ့အစည်းသည် **ဒေသရှိအပင်အမျိုးအစားများနှင့်ပတ်သက်၍အချက်အလက်ကောက်ယူရန်** သို့မဟုတ်ထင်ရှား သိသာသော သို့မဟုတ် ထူးခြားသောဒေသ အပင်အမျိုးအစားကိုဖေါ်ထုတ်ခြင်းကို ပိုမိုသင်ယူနိုင်ရန်အတွက် ဤမျိုးစေ့ပြပွဲများကို တစိတ်တဒေသသော်ငြင်း လက်ခံကျင်းပကောင်းကျင်းပမည်။ မျိုးစေ့ပြပွဲတစ်ခုစီတွင် ဤအရာသည် စိန်ခေါ်မှုကိုဖေါ်ပြသည်။ အဘယ်ကြောင့်ဆိုသော် ကွဲပြားသောအချက်အလက်များကိုရရှိခြင်းနှင့် အချက်အလက်များကို ရေးရန်အချိန်များစွာ လိုအပ်ခြင်းကြောင့် ဖြစ်သည်။ကျွန်ုပ်တို့သည် မျိုးစေ့ပြပွဲတက်ရောက်မည့်လူဦးရေကိုကန့်သတ်ထားပါသည်။ အဘယ်ကြောင့်ဆိုသော် **မျိုးစေ့ပြပွဲသို့ယူလာသော မျိုးတူမျိုးစေ့တစ်ခုစီနှင့်ပတ်သက်သော အချက်အလက်များကို  ကောက်ယူရန်မှာ အလွန်ကြာသောကြောင့်ဖြစ်သည်။** လယ်သမားများ၏စာတတ်မြောက်မှုအကန့်အသတ်ရှိသဖြင့် လယ်သမားများစည်းဝေးသို့ရောက်လာသည်နှင့်တပြိုင်နက် ဒေသခံဘာသာစကားဖြင့်ဆက်ဆံပြောဆိုခြင်းနှင့် လယ်သမားများယူဆောင်လာသောမျိုးစေ့များနှင့်ပတ်သက်သည့်အချက်အလက်များကို နိုင်ငံသုံးဘာသာစကားသို့ ပြန်လည်ရေးသားရန် ကျွန်ုပ်တို့သည်အကူအညီပေးသူများစွာအပေါ်မှီခိုရသည်။ ပိုမိုထိရောက်သော ပုံစံများကို အသုံးပြုသောအခါပင်လျှင် လယ်သမားအယောက်၃ဂမှ ယူဆောင်လာသောမျိုးစေ့များ၏ အခြေခံအချက်အလက်များကို မှတ်တမ်းပြုရန် ဒေသခံကူညီပံ့ပိုးသူ ၇ ဦးအတွက်အချိန်နှစ်နာရီထက်ပို၍ကြာမြင့်သည်။ ရောက်ရှိလာသောထပ်ဆောင်းအချိန်/ စာရင်းသွင်း သောကာလတွင် ကြိုဆိုပွဲအစားအစာများရှိနေပါက ပိုကောင်းပါသည်။

ဖြစ်နိုင်မည်ဆိုလျှင်အချက်အလက်များကိုအချိန်မတိုင်မီကြိုတင်၍ကောက်ယူရန်၊ ပြပွဲမတိုင်မီပါဝင်တက်ရောက်မည့်သူများ၏ အိမ်သို့ အလည်သွားရန် ကျွန်ုပ်တို့ထောက်ခံအကြံပြုပါသည်။ သို့မဟုတ်ပါက ပါဝင်တက်ရောက်မည့်သူများစာရင်းသွင်းရန် ရောက်ရှိလာသောအခါတွင်လုပ်ငန်းစဉ်အချိန်မီပြီးရန် တတ်နိုင်သမျှကူညီပံ့ပိုးသူများစွာ ရှိရန်နှင့် သင်ဖိတ်ထားသောလယ်သမား ၅ဦးလျှင် အနည်းဆုံးမှတ်တမ်းတင်ကူညီသူတစ်ဦးရှိပါက အကောင်းဆုံးဖြစ်သည်ကို တွေ့ရပါသည်။ လယ်သမားများအစီအစဉ်မှပြန်လာသောအခါ ယင်းတို့သည်ယူလာသောမျိုးစေ့များကို အမှန်တကယ်လဲလှယ်ခြင်းနှင့် အမျိုးအစားသစ်များကိုအိမ်သို့ယူဆောင်သွားခြင်းရှိမရှိဆုံးဖြတ်နိုင်ရန် **ပြီးဆုံးချိန်-လူတွေ့မေး မြန်းခြင်းများ** အကျဉ်းချုပ်ပြုလုပ်ပါသည်။

ပါဝင်တက်ရောက်သူများမှ မျိုးစေ့အိတ်ပေါ်တွင် မျိုးစေ့အမျိုးအစား၏မူလဒေသကိုသိနိုင်ရန် နှင့်သီးခြားအချက်အလက်ဇယားအပေါ်တွင် လက်ခံကျင်းပသော အဖွဲ့အစည်းမှ မှတ်တမ်းအဖြစ်ထားရန် မျိုးစေ့အမျိုးအစားအချက်အလက်များကို အနည်းဆုံးနေရာနှစ်နေရာတွင် မှတ်တမ်းတင်သင့်သည်။ မှတ်တမ်းနှစ်မျိုးသည်လုပ်ငန်းစဉ်အချိန်ကို ပိုကုန်စေသဖြင့် ကုန်ကျမှုကို တွက်ချက်မည့်စနစ်ရှိခြင်းသည် အရေးကြီးပါသည်။

## ၈) အစီအစဉ်ကျင်းပရန် ထောက်ပံ့ပို့ဆောင်မှုများ

အချိန်မတိုင်မီ မျိုးစေ့ပြပွဲဝန်ထမ်းများသည် အစီအစဉ်တွင်စားရင်းသွင်းထားသူများအတွက် မုန့်များနှင့်အချိုရည်များ၊ အစီအစဉ်ပြီးနောက် မျိုးစေ့ဖလှယ်ရာ၌ပတ်သက်ဆက်နွယ်မှုရှိသည့် အချို့သောဒေသအစားအစာများကို နေ့လည်စာအဖြစ်စီစဉ်ပါသည်။ အမှန်တကယ် အစေ့လဲလှယ်ခြင်းအတွက် စည်းဝေးညွှန်ကြားခြင်း၊ ဆွေးနွေးခြင်းများနှင့်ထောက်ပံ့ခြင်းများအတွက် ကောင်းသောစီစဉ်ဆောင်ရွက်ခြင်းလိုအပ်ပါသည်။ **တစ်ရက်တာအစီအစဉ်ကို ပြုလုပ်မည်ဆိုပါက ဒေသအစီအစဉ်ဆက်စပ် ဆောင်ရွက်ပေးသူ**ရှိရန်အရေးကြီးပါသည်။ မျိုးစေ့ပြပွဲတွင်ပါဝင်သူတစ်ဦးစီအားသီးခြားတာဝန်များသတ်မှတ်ခြင်း (ဥပမာ-စာရင်းကောက်ယူသူများ၊ ဒေသဘာသာစကားပြန်မည့်သူများ၊ ဟောပြောမည့်သူများနှင့် အဖွဲ့ငယ်ဆွေးနွေးပွဲကိုပံ့ပိုးမည့်သူများ)သည် အစီအစဉ်ကို ပိုမိုချောမွေ့စေသည်။ မျိုးစေ့စုဆောင်းခြင်းနှင့်ဇီဝကွဲပြားခြား နားခြင်းတို့ဖြင့် ဆက်နွယ်နေသော မျိုးစေ့စုဆောင်းခြင်းသို့မဟုတ် ဒေသစိုက်ပျိုးရေးအကြောင်းနှင့်

သက်ဆိုင်သည့်သီချင်းများ  သို့မဟုတ်ပြဇာတ်များသည် လယ်သမားများ၏ စိတ်ဝင်စားမှုနှင့်သင်ယူမှုကိုတိုးပွား စေသည်။ စည်းရုံးသူများသည် အစီအစဉ်မှ မျိုးစေ့ပြပွဲ၏အရည်အသွေး မည်သို့ချမှတ်သည်ကို သတိမူသင့်သည်။ ထုံးစံအတိုင်းပြုလုပ်သောအစည်းအဝေးပူပေါင်း ပါဝင်သောအစီအစဉ်သို့မဟုတ်ပွဲတော်အစီအစဉ်၊ဖိတ်ကြားထားသော ဟောပြောမည့်သူများ၏စကားများ၊ ဒေသအရပ်ရပ်မှလယ်သမားများအဖွဲ့များ၏တင်ပြချက်များ၊ သီချင်းသို့မဟုတ် အခြားသောနယ်ပယ် အစီအစဉ်၏ရည်ရွယ်ချက်များအား ပံ့ပိုးပေးမည့်အရာများကိုထည့်မည်မထည့်မည် သို့မဟုတ် မည်သို့ထည့်မည်တို့ကိုဆုံး ဖြတ်ပါ။

**၉) ပညာရေးနှင့်ပတ်သက်သည့်အစိတ်အပိုင်းများစီစဉ်ခြင်း**

ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအထဲမှတစ်ခုမှာ **လယ်သမားများဒေသထွက်မျိုးစေ့စုဆောင်းခြင်း၊အသုံးပြုခြင်းများနှင့် ပတ်သက်၍ ယင်းတို့၏ယုံကြည်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကိုဆွေးနွေးရန်နှင့် ယင်းတို့အားအရည်အသွေး တိုးတက်ရန်နှင့် ယင်းတို့စုဆောင်းထားသည့်အစေ့၏အလားအလာများကိုဖေါ်ထုတ်ရန်ဖြစ်သည်။** ပြပွဲတစ်ပွဲတွင်သန့်စွမ်း သောအပင်များ၊ မျိုးစေ့သန့်စင်ခြင်းနှင့်အခြောက်ခံခြင်းနှင့်မျိုးစေ့သိုလှောင်ခြင်းအတွက် အကောင်းဆုံး ရွေးချယ်မှုများ နှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးတင်ပြခြင်း မိနစ်၃၀ပါဝင်သည်။ အရေးကြီးဆုံးသောအပိုင်းတစ်ခုမှာဤအရာကို လယ်သမား၏ သင်ယူမှုတွင် ထိုက်တန်မှုရှိရန်ပြုလုပ်ရာတွင် ဒေသထွက်မျိုးစေ့များနှင့်ပတ်သက်သောဒေသခံမျိုးစေ့ အလေ့အထများနှင့် အကောင်းဆုံးမျိုးစေ့သိုလှောင်မှုအခြေအနေများကို တလှည့်စီမေးမြန်းခြင်း၊ အပြန်အလှန်ပြောဆို သောတင်ပြမှုပုံစံတို့ ဖြင့်လုပ်ဆောင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဒေသဘာသာစကားတင်ပြချက်များကို ပုံဖေါ်ရန် ရိုးရှင်းသောပုံများဖြင့် တခုစီလှန်နိုင်သောအဝတ်ချပ်များကို အသုံးပြုသည်။ ယင်းကိုလယ်သမားများဆွေးနွေးခြင်း မတိုင်မီပြုလုပ်ခြင်းဖြင့် အဖွဲ့ငယ်များတွင်ဆွေးနွေးသောအခါ ယင်းတို့အတွက် ထပ်ဆောင်းအကြောင်းအရာများကို ဆွေးနွေးရာတွင်လျှင်မြန်စေသည်။

လယ်သမားများထံမှ မေးခွန်းများနှင့်ပြန်လည်သုံးသပ်မှုများကိုလှုံ့ဆော်စေသောဤတင်ပြချက်များသည် မျိုးစေ့ပြပွဲကို ရှေ့ရှုသောသုတေသနအတွင်း သင်ယူရရှိခဲ့သော လက်ရှိလယ်သမားများ၏မျိုးစေ့စုဆောင်းသည့်ကျင့်စဉ်များ ကိုဆွေး နွေးရာတွင်လွယ်ကူသည့်အခွင့်အလမ်းကိုရရှိစေပါသည်။ မျိုးစေ့စုဆောင်းခြင်းနှင့်လယ်သမားများ၏ အတွေ့အကြုံ များကိုသိရှိ ခြင်းသည် နောင်လာမည့် မည်သည့် ကျေးရွာမျိုးစေ့ဘဏ်များအပါအဝင် ဒေသမျိုးစေ့စနစ်များအပေါ် ကြားဝင်ပါဝင်မှုများနှင့် တိုးတက်မှုများအတွက်အရေးကြီးသော စမှတ်နေရာဖြစ်သည်။ ဥပမာအားဖြင့် ယခင်ကျေးရွာ သုတေသနမှလယ်သမားအများစုသည်ယင်းတို့၏မျိုးစေ့များကို အန္တရယ်ရှိသည့်အလေ့အထဟုမြင်သောကြောင့် နေလှန်းခြင်းကိုရှောင်ရှားကြ၍ စုဝေးထားသောအဖွဲ့များနှင့် မျိုးစေ့ပြပွဲတွင်ဆွေးနွေးသောအခါ ရွာသားများသည်အဆင့် နှစ်ဆင့် ဖြင့် ခြောက်စေသောဖြစ်စဉ်ကို ကျင့်သည်ကိုဖေါ်ပြသည်။ ပထမဦးစွာ ရိတ်ပြီးစသို့မဟုတ်စိုနေသောအစေ့များ ကိုခြင်းပြားများသို့မဟုတ် မီးဖိုအထက်တွင်ရှိသောထုပ်တန်းပေါ်တွင်တိုက်ရိုက်အခြောက်ခံပြီးနောက် ကြာရှည်သို လှောင်ရန် အတွက် ပို၍အေးသောနေရာ (ပို၍မြင့်သော သို့မဟုတ်အိမ်တွင်း တနေရာ ရာ)သို့ရွှေ့သည်။ လယ်သမား များကိုမျိုးစေ့စုဆောင်းခြင်းနှင့်ပတ်သက်သော ယင်းတို့ကိုယ်တိုင်တွေ့ရှိချက်များနှင့် အတွေ့အကြုံများကို ဖေ့ဝေရန်အခွင့်အရေးပေးပါ။ ဥပမာ ကမ္ဘောဒီယားနိုင်ငံမှပဲမျိုးစေ့များကိုခေါင်းအုံး သို့မဟုတ် အိမ်အဆင့်များတလျှောက် စုဆောင်းသည်ကိုသင်ယူရရှိခဲ့သည်။ အစေ့များကိုထပ်မံတလဲလဲရွှေ့ခြင်းသည် သိုလှောင်ထားသော မျိုးစေ့အားပိုး မွှား အန္တရာယ်နဲပါးစေသည်။ ၇

**၁၀) အဓိကအစီအစဉ်- လယ်သမားများဆွေးနွေးခြင်းနှင့်ယင်းတို့၏အမျိုးအစားများကိုတင်ပြခြင်းများ**



ပြပွဲအခြေခံဦးတည်ချက်မှာ လယ်သမားအချင်းချင်း ဖလှယ်ခြင်းဖြစ်သဖြင့် လယ်သမားများ အတွက်ယင်းတို့ယူဆောင်လာသောအမျိုးအစားများနှင့် ပတ်သက်၍ ဆွေးနွေးရန်လုံလောက်သော အချိန်ရှိစေရမည်။ မျိုးစေ့ပြပွဲများပြီးမြောက်နိုင် သောနည်းလမ်းကွဲပြားခြားနားပါသည်။ ပြပွဲတစ်ခုတွင် လယ်သမားများသည် ယင်းတို့၏မျိုးစေ့အရည်အသွေးကိုယင်းတို့၏ ကျေးရွာအဖွဲ့အတွင်းဆွေးနွေးပြီး အဖွဲ့တဖွဲ့လုံးကိုတင်ပြရန် ထူးခြားသောမျိုးစေ့များကို ရွေးချယ်သည်။ သို့သော် ဤပုံစံသည် ကျေးရွာအသီးသီးမှ ရွာသားများအကြား အပြန်အလှန်ဆက်သွယ်မှုအနဲငယ်သာလျှင်ရရှိနိုင်သည်။ အလွန်အောင်မြင် သောပုံစံကို ကမ္ဘောဒီယားနိုင်ငံမျိုးစေ့ပြပွဲအတွက ပြုလုပ်တည်ဆောက်ကြသည်။ ယင်းမှာ ဝေးလံသောကျေးရွာမှ လယ်သမားများအားရောထားသောအဖွဲ့များကို မျိုးစေ့များစုဆောင်းခြင်း၊ မျိုးစေ့စနစ်များနှင့်ဒေသတွက်မျိုးစေ့များ၏ ကံကြမ္မာများခေါင်းစဉ်ဖြင့် NGO များမှပံ့ပိုးသူများသည် တစ်နာရီကြာဆွေးနွေးမှုကိုလမ်းညွှန်ပေးခြင်း ဖြစ်သည်၊

- လူတစ်ဦးစီအသုံးပြုသော သို့မဟုတ်အခြားသောကျေးရွာများအသုံးပြုမှုမှသိရှိရသည့် **မျိုးစေ့စုဆောင်းသောနည်းလမ်းမျိုးမျိုး**နှင့် ကွဲပြားခြားနားသောနည်းလမ်းများ၏ရလဒ်များဖြင့် ယင်းတို့၏အတွေ့အကြုံများကိုဆွေးနွေးခြင်း(အားသာချက်များ/အားနည်းချက်များ)
- ယင်းတို့၏သီးခြားကျေးရွာနှင့်မိသားစု/မိတ်ဆွေကွန်ယက်အတွင်း **ရောင်းဝယ်ဖေါက်ကားခြင်းနှင့် မျိုးစေ့ဝေငှခြင်း ထုံးစံနှင့်အလေ့အထ**
- **ယင်းတို့ဝယ်သောမျိုးစေ့အမျိုးအစား**နှင့်ထူးခြားသောလက္ခဏာများ၊ လိုအပ်ချက်များ သို့မဟုတ် ယင်းမျိုးစေ့အမျိုးအစား၏ခံနိုင်ရည်ရှိမှု

**၁၁) မျိုးစေ့လဲလှယ်ခြင်းအစီအစဉ်**

သမရိုးကျမဟုတ်သောဆွေးနွေးခြင်းနှင့် မျိုးစေ့ပြန်လည်သုံးသပ်ခြင်းအချိန်ကိုရေးဆွဲခြင်းသည် လယ်သမားအချင်းချင်း အပြန်အလှန်ဆက်သွယ်ခြင်းကို တိုးပွားစေသည်။ လယ်သမားများသည် အခြားသော လယ်သမား များအား ယင်းတို့ယူလာသောအမျိုးအစားနှင့်ပတ်သက်၍ မေးစရာတစ်စုံတစ်ခုရှိပါကတိုက်ရိုက်မေးနိုင်ပါသည်။ အနည်းငယ်သောမျိုးစေ့အရေအတွက်ကို အခကြေးငွေ မမျှော်လင့်ဘဲ ဝေငှသော ဒေသခံများ၏ ဓလေ့ထုံးစံကို လိုက်၍ ယင်းတို့နည်းတူ ကျွန်ုပ်တို့၏ မျိုးစေ့ပြပွဲတွင် လယ်သမားများအကြား အခမဲ့မျိုးစေ့ထုပ်များ လဲလှယ်ခြင်းကို ကျင့်သုံးခဲ့သည်။ ဥပမာများအနေဖြင့်မျိုးစေ့ဖလှယ်ခြင်းကိုအထောက်အကူပြုသည့် ခြားနားသော ရည်ရွယ်ချက်များ အသုံးပြုသော ပိုမို ကျယ်ပြန့်သောမျိုးစေ့လဲဖလှယ်ခြင်းကို ယူကေ (UK) အထဲရှိ ([http://www.seedysunday.org/](http://www.seedysunday.org/)) "စီးဒီ ဆန်းဒေး(စ)" "Seedy Sundays" ၊ နာဗဒန်ယာ(Navdanya) မျိုးစေ့-လဲလှယ်သောကွန်ယက် ([http://www.navdanya.org/ earth-democracy/seed-sovereignty](http://www.navdanya.org/earth-democracy/seed-sovereignty)) နှင့်လူထုမျိုးစေ့ဘဏ်များနှင့် လုပ်ကိုင်သော အိန္ဒိယနိုင်ငံရှိ ဂရင်းဖေါင်ဒေးရှင်း(the GREEN Foundation) ([http://www.agriculturesnetwork.org/ magazines/global/securing-seed-supply/community-seed-banks-for-maintaining-genetic](http://www.agriculturesnetwork.org/magazines/global/securing-seed-supply/community-seed-banks-for-maintaining-genetic)) ကိုဖတ်ပါ။

စည်းရုံးသူများ ဖြန့်ဝေသောမည်သည့်မျိုးစေ့များမဆို လယ်သမားများ၏ မျိုးစေ့ဖလှယ်မှုအတိုင်းအတာတွင် မည်သို့အကျိုး သက်ရောက်ခြင်းရှိမည်ကိုစဉ်းစားပါ။ မျိုးစေ့ပြပွဲတစ်ခုတွင်ECHO သည်ထိုင်းနိုင်ငံမျိုးစေ့ဘဏ်မှ အလားအလာကောင်းသော စိတ်ဝင်စားဖွယ်မျိုးစေ့များကိုယူလာခဲ့သည်၊ ယင်းမှာလယ်သမား အချင်းချင်း မျိုးစေ့လဲလှယ်ခြင်းဖြစ်

ပေါ်ခဲ့သည့်အချိန်နှင့်တစ်ချိန်တည်းဖြစ်သည်။ လယ်သမားများ၏မျိုးစေ့ထုပ်များ (ဂုဏ်ရည်ဆန်သည် သို့မဟုတ် ယင်းတို့၏ကိုယ်ပိုင်စုဆောင်းသောမျိုးစေ့ဟု ယင်းတို့ထင်မည်) ရလိုသောဆန္ဒပြင်းပြရခြင်းသည် မျိုးစေ့ဘဏ်မှမျိုးစေ့ အထုပ်များကိုသာရွေးချယ်၍ မိမိတို့၏ကိုယ်ပိုင်မျိုးစေ့ လဲလှယ်ခြင်းကို လျစ်လျူရှုသည့်အဓိပ္ပါယ်ဆောင်ပါသည်။ ၎င်းသည် ဒေသအဆင့်ဖလှယ်မှုအတွက်အရေးပါသည့်အဆုံးသတ်ခြင်းကို စောလွန်းစေသည်။ နောက်ဆက်တွဲ မျိုးစေ့ပြပွဲများတွင် လယ်သမားအားလုံးမျိုးစေ့ဘဏ်မှမျိုးစေ့များကို မတူသော"လက်ဆောင်အိတ်များ"အဖြစ်ပြပွဲအဆုံး သတ်သောအချိန်တွင်ရရှိသဖြင့် မျိုးစေ့ဖြန့်ဝေခြင်းသည် လယ်သမားများ၏ မျိုးစေ့ဖလှယ်မှုကိုကန့်သတ်ခြင်းမရှိပါ။

## ၁၂) မျိုးစေ့ပြပွဲအချက်အလက်နှင့် လူထုပါဝင်ပတ်သက်သော နောက်ဆက်တွဲဆောင်ရွက်မှုဖြစ်စဉ်



အစီအစဉ်ပြီးသည်နှင့်တပြိုင်နက် သင့်အဖွဲ့အစည်း သည် ဆွေးနွေးပွဲမှမှတ်စုများကိုပြန်လည်သုံးသပ် သင့်၍ နောင်မျိုးစေ့ပြပွဲအတွက် ပိုမိုတိုးတက် သောနည်းလမ်းများကို ဆွေးနွေးပါ။ ပြုလုပ်မည့် ပြပွဲတွင် မျိုးစေ့ပြပွဲနယ်ပယ် ဒေသများတွင် ဆက်လက်လုပ်ဆောင်နေသော အဖွဲ့အစည်း များသည် ပြဿနာများ၊ဆွေးနွေး ချက်များနှင့် လယ်သမားများမှ စိုးရိမ်မှုများ သို့မဟုတ် ပဏာမ စတင်ဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက် နိုင်သည်။ လယ်သမားများသည် ယင်းတို့ထိန်းသိမ်း လိုသောတစုံတခုသော ဒေသမျိုးစိတ်များကို ဖေါ်ထုတ်ခြင်း၊ သို့မဟုတ် လူထုအခြေပြုမျိုးစေ့ဘဏ်များ မည်သို့ ဖွဲ့စည်းမှုအပေါ် ထင်မြင်ချက်များကိုကမ်းလှမ်းခြင်း၊ သို့မဟုတ် ဒေသအမျိုးကွဲများကို စမ်းသပ်ရန် တောင်းဆိုခြင်းများရှိနိုင်ပါသည်။ တက်ရောက် သူများအားယင်းတို့ ရရှိခဲ့သော မျိုးစေ့အသစ်များကိုစိုက်မစိုက်၊ မည်သို့စိုက်သည်နှင့် မျိုးစေ့ပြပွဲမှ မည်သည်တို့ကို သင်ယူရရှိခဲ့သည် သို့မဟုတ် နောက်ပိုင်းတွင် မည်သည့် အစီအစဉ်ကို မြင်လိုသည်ကိုမေးပါ။

**မျိုးစေ့ပြပွဲများ၏အချို့သောအဓိကကျသည့်အကျိုးကျေးဇူးများနှင့်ရလဒ်များတွင်အောက်ပါတို့ပါဝင်သည်။**

- လယ်သမားများနှင့် စိုက်ပျိုးရေးအဖွဲ့အစည်းများသည်အစီအစဉ်များနှင့် ယင်းနှင့်ပတ်သက်၍ပြောဆိုရသော အခွင့်အရေးနှင့်ယင်းတို့၏လက်ရှိဟင်းသီးဟင်းရွက်ထုတ်လုပ်မှုကို တန်ဖိုးထားရမှုများအတွက် **နှစ်ထောင်း အားရ** ကြသည်။
- **NGO ဝန်ထမ်းများနှင့်ရွာသားများတွင် ဒေသမျိုးစေ့အကြောင်းအရာများ**နှင့်ဒေသမျိုးစေ့စနစ် အားကောင်းလာ ရန် မည်သို့ပြုလုပ်မည့်အယူအဆများအတွက် **ဆွေးနွေးရန်အခွင့်အလမ်းများကိုရရှိခဲ့သည်**။ဒေသဆိုင်ရာအဖွဲ့ အစည်းများသည်လည်း ECHO အာရှမျိုးစေ့ဘဏ်နှင့်ပတ်သက်၍ ဦးစားပေးပြောဆိုရမည့်အကြောင်းအရာ အချက်အလက်များကိုပေးပို့ပါသည်။
- အခြေအနေများအားလုံးတွင်၊ အတွေ့အကြုံရှိသော စိုက်ပျိုးရေးဖွံ့ဖြိုးမှုလုပ်သားများနှင့်/သို့မဟုတ်အစိုးရအရာ ရှိများသည်ပင်လျှင်လူထုများထဲတွင်ရှိနေသော **လက်ရှိကွဲပြားသည့်အမျိုးအစားများကြောင့်အံ့သြ ကြသည်။**
- မျိုးစေ့ပြပွဲများကိုအခြားသောသင်တန်းအစီအစဉ် သို့မဟုတ် စည်းဝေးများတွင်ပေါင်း၍ပြုလုပ်ပါက **ကုန်ကျ စရိတ်အနည်းငယ်ပိုလာသည်။**
- မျိုးစေ့ပြပွဲများသည်လယ်သမားများကို မိမိတို့၏ကိုယ်ပိုင်မျိုးစေ့စုဆောင်းမှုအလေ့အထသည် **ယင်းတို့၏ စီးပွားဖြစ်စိုက်ပျိုးရေးစနစ်တွင်ပါဝင်မှုနှင့်** မည်သို့ဆက်စပ်နေသည်ကိုဆွေးနွေးရန်အခွင့်အလမ်းပေးသည်။ ကျွန်ုပ်တို့၏အတွေ့အကြုံတွင် မိမိတို့စုဆောင်းထားသောကိုယ်ပိုင်မျိုးစေ့များကို အဓိကထား၍စိုက်ပျိုးသော လယ်သမားများသည် (ချင်းဒါအို၊ ချင်းရိုင်) ပိုမိုများပြားသောကွဲပြားသည့်ဟင်းသီးဟင်းရွက်အမျိုး အစားများ ကိုစီးပွားဖြစ်မျိုးစေ့များကို ရနိုင်သောလယ်သမားများ(ကမ္ဘောဒီးယား)ထက် မျိုးစေ့ပြပွဲသို့ယူဆောင်လာကြ သည်။

မျိုးစေ့ပြပွဲတွင် လယ်သမားများပါဝင်သည့်ဆွေးနွေးသည့်အဖွဲ့များသည် ဤရှုထောင့်မှယင်းတို့၏မျိုးစေ့ထုတ်လုပ်ခြင်းကို စဉ်းစားနိုင်သည်။ ဥပမာ၊ အောက်ပါမေးခွန်းများကိုမေးနိုင်ပါသည်။ လယ်သမားများသည် မည်သည့်အချိန်တွင် အိမ်တွင်းစုဆောင်းသောမျိုးစေ့မှ ဝယ်ယူသောမျိုးစေ့များသို့ ပြောင်းလဲမှုပြုလုပ်သနည်း။ ဒေသတွင်း အဖိုးတန်သော မျိုးစေ့အမျိုးအစားများသည် စီးပွားဖြစ်ရင်းမြစ်များတွင်ရနိုင်ပါမည်လား။ ၎င်းတို့သည်ထိုမျိုးစေ့အမျိုးအစားတစုံတခုကို စိုက်ပျိုးရာတွင်လုံလောက်မှုမရှိခြင်းများနှင့် ဆုံးရှုံးမှုများကြုံရသော အတွေ့ အကြုံရှိပါသလား။

ယင်းတို့၏နယ်ပယ်ဒေသတွင်ရှိ လူထုများမှ အသုံးဝင်သည့် ဇီဝအမျိုးအစားကွဲပြားသော မျိုးစေ့စုဆောင်းမှုကိုထိမ်းသိမ်းနိုင်မည့်နည်းလမ်းများသည် မည်သည်တို့ဖြစ်သနည်း။ ၎င်းတို့သည် ပိုမိုလွယ်ကူစွာရနိုင်သည့် စီးပွားဖြစ်မျိုးစေ့ကိုရနိုင်သည့်နည်းလမ်းများနှင့်၎င်းတို့၏ဒေသမျိုးစေ့စုဆောင်းခြင်း လုပ်ထုံးလုပ်နည်းများအားကောင်းလာစေရန်မည်သို့ပြုလုပ်ရမည်ကို ဆွေးနွေးကောင်းဆွေးနွေးမည်။

ECHO သည် လယ်သမားမျိုးစေ့ပြပွဲများကိုစီစဉ်သောအဖွဲ့များနှင့်ပါဝင်ပတ်သက်ရန်စိတ်ဝင်စားပါသည်။ ကျေးဇူးပြု၍ လယ်သမာများအား ဒေသအခြေအနေများတွင်ကောင်းစွာဖြစ်မြောက်နိုင်သော သီးနှံအမျိုးအစားများကိုရနိုင်သော နည်းလမ်းများဖြင့်ကူညီရန်အတွက် သင်တို့၏ထပ်ဆောင်းအမြင်များ၊ အတွေးအခေါ် ယူဆချက်နှင့် အတွေ့အကြုံများကိုပေးပို့ပါ။

## အချက်အလက်ပိုများအတွက်

ပြည့်စုံ၍လက်တွေ့ကျသော၊ အာဖရိကအွန်လိုင်းအရင်းအမြစ်နှစ်ခုမှ ဆင်တူသောပဏာမခြေလှမ်းများသည် သင့်အား စည်းရုံးစီစဉ်ခြင်း၊ အားပေးခြင်းနှင့် သင်၏မျိုးစေ့ပြပွဲများမှ ဗဟုသုတအများဆုံးရနိုင်ရန်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ထပ်ဆောင်းအတွေးအခေါ် ယူဆချက်များကိုပေးလိမ့်မည်။ တင်ဇင်နီးယားနိုင်ငံတွင် (ftp://ftp.fao.org/docrep/fao/009/ag387e/ag387e00.pdf) မျိုးစေ့ပြပွဲများစွာတွင်လယ်သမားအုပ်စုငယ်များ (ဤအကြောင်းအရာများထဲတွင်ဖေါ်ပြထားသကဲ့သို့)၊လယ်သမားအုပ်စုခွဲများနှင့်လယ်သမားတစ်ဦးချင်းစီတို့ ပါဝင်ကြပါသည်။

ဤသည်တွင်အခြားသူများအားမျိုးစေ့သိုလှောင်ခြင်း၊ အဆီပါသောမျိုးစေ့ထုတ်ယူခြင်းကိုလေ့ကျင့်ပေးသော ကျွမ်းကျင်လယ်သမားများ၏တင်ပြမှုများနှင့် အခြားသောခေါင်းစဉ်များပါဝင်သည်။ ယင်းတို့သည်မျိုးစေ့ပြပွဲများကို နှစ်စဉ်ကျင်းပ၍ ဇီဝကွဲပြားခြားနားသောစိုက်ပျိုးရေးအကြောင်းအရာများ နှင့်ပတ်သက်သည့် ဝလေ့ထုံးစံတင်ဆက်မှုအပိုင်းများတွင် စိတ်ဝင်စားမှုတိုးပွားစေမည့် လူငယ်များအားဆွဲဆောင်မှုရှိ၍ ပါဝင်တက်ရောက်သူများကိုအစီအစဉ်၏ အရေးကြီးသောသတင်းများကိုသတိရနိုင်သောနည်းလမ်းများကိုထည့်သွင်းရန်အကြံပြုပါသည်။ ဤစာတမ်းတွင် မျိုးစေ့ပြပွဲ ကျင်းပရန်အကြံပြုချက်များနှင့် လိုက်လျောညီထွေပြောင်းလဲအသုံးပြုနိုင်သည့်စာရင်းကောက်ယူမည့် ပုံစံနမူနာများပါ ရှိသည်။ မိုဇင်းဘစ်နိုင်ငံတွင်(http://www.agriculturesnetwork.org/magazines/global/ women-and-food-sovereignty/save-seed) စုပေါင်းလယ်သမားများ၏အဖွဲ့အစည်းမှ နှစ်စဉ်မျိုးစေ့ပြပွဲ၊ ဗဟိုမျိုးစေ့ပြပွဲ နှင့်ယင်းတို့၏ဒေသများကိုလိုက်၍အကောင်းဆုံးပါဝင်မှုဖြစ်စေသော ဒေသနယ်ပယ်အလိုက်ပြပွဲများကို ထပ်မံပြုလုပ်ခြင်း ဖြင့်စတင်ခဲ့သည်။

## မှီငြမ်းချက်များ

FAO-LinKS ပရောဂျက်။ ဇွန်လ ၂၀၀၆။ တင်ဇင်နီးယားနိုင်ငံကျေးရွာလူထု၏ကွဲပြားသောမျိုးစေ့ပြပွဲများ၊ မျိုးစေ့ပြပွဲများအတွက်လမ်းညွှန်၊ အစီရင်ခံစာအမှတ် ၅၁။ ftp://ftp.fao.org/docrep/ fao/009/ag387e/ ag387e00.pdf သို့မဟုတ် http://www.fao.org/docrep/009/ag387e/ag387e00.htm

ဘက်ကာ (Bakker), နိုကိုနှင့်ဖဲလစ် ဇီနင်မာတီနီ မင်တိုဇာ (Nico and Feliz Zenén Martínez Mendoza). ၂၀၀၉ စက်တင်ဘာလ။ သင်သည်မျိုးစေ့များကိုစုဆောင်းခြင်းမပြုပါက လယ်သမားအစစ်အမှန်မဟုတ် ပါ။ LEISA 25(3):20-22.http://www.agriculturesnetwork.org/magazines/ global/ women-and-food-sovereignty/save-seed

**မှတ်ချက်များ**

[၁] အိန္ဒိယနိုင်ငံ အင်ဒြာ ပရာဒက်(ရှ) (Andhra Pradesh, India) ဒါကန်ဖွံ့ဖြိုးမှုလူမှုအဖွဲ့အစည်း(Deccan Development Society) သည်ခြောက်သွေ့သောဒေသများတွင် ကျေးရွာများအားစားနပ်ရိက္ခာဖူလုံမှု၊ အရည်အသွေးနိမ့်ကျသွား သော မြေများကိုကုစားခြင်းနှင့် ဒေသရှိဒေသခံသီးနှံ အမျိုးအစားများကိုအသုံးပြုခြင်းတို့ကို ရာစုပေါင်းများစွာ ကျယ်ပြန့်စွာ လုပ်ဆောင်ခဲ့သည်။ ကျေးရွာလုထုအခြေပြုမျိုးစေ့ဘဏ်များသည် ဤလှုံ့လစိုက်မှု၏ အခြေခံဖြစ်ခဲ့သည်။ ပိုမိုတိကျစေရန် http://www.ddsindia.com/www/default.asp ကိုကြည့်ပါ။

[၂] ECHO အာရှ အကျိုးသက်ရောက်မှုစင်တာ([2]The ECHO Asia Impact Center) မှ NEICORD နှင့်ပူးပေါင်း၍ အိန္ဒိယနိုင်ငံမျိုးစေ့လဲလှယ်ခြင်းကိုပြုလုပ်ခဲ့သည်။ ထိုင်းနှင့်ကမ္ဘောဒီးယားမျိုးစေ့ပြပွဲတွင် ပင်စီဖေးနီးယားပြည်နယ်တက္ကသိုလ်  (Pennsylvania State University) (USA)၊ မဲ ဂျော့တက္ကသိုလ်(ထိုင်းနိုင်ငံ) နှင့် ဥသုံဖွံ့ဖြိုးရေးအဖွဲ့အစည်း(Wholistic Development Organization)၊ကမ္ဘောဒီးယားနိုင်ငံတို့ မိတ်ဖက်ပါဝင်သည်။ ဤလေ့လာမှုအတွက် ဦးတည်သီးနှံများတွင်အဓိကအားဖြင့် အစေ့သဘာဂအားဖြင့်ပေါက်သော အဓိကစားသုံး သော အစားအစာအဖြစ် စားသောဟင်းသီးဟင်းရွက်များပါဂင်သည်။ ဤအရာသည် အဟာရမြင့်မားသော၊ သဘာဂ နှင့်စီးပွားရေးအတွက် တန်ဖိုးရှိသော အစေ့မဟုတ်သောကောက်ပဲသီးနှံများအား ဦးတည်မှုကိုခွင့်ပြုသည်ဟူသော အဓိပ္ပါယ် ဆောင်သည်။

[၃] ဤအကြောင်းအရာနှင့်ပတ်သက်၍  "ပဲဖျက်ပိုးများကိုအလွယ်ကူဆုံးနည်းဖြင့်ထိမ်းခြင်း" ECHO မှ http://www.echonet.org/content/100cropSeed/758.တွင်ကြည့်ပါ။

## ၂၀၁၀-၂၀၁၁အတွင်း ECHO မှ ကူညီပံ့ပိုးသော မျိုးစေ့ပြပွဲများအကျဉ်း

| တည်နေရာ | ရှိလုံ၊ အိန္ဒိယနိုင်ငံ မြောက်ပိုင်း | ချင်း တာအို၊ ထိုင်းနိုင်ငံမြောက်ပိုင်း | ချင်းရိုင်၊ ထိုင်းနိုင်ငံမြောက်ပိုင်း | စဗာ ရီယန်၊ ကမ္ဘောဒီးယားနိုင်ငံ |
|---|---|---|---|---|
| ကျေးရွာအမျိုးအစား | သီးခြားပြန့်နှံ့ လူထု၊ | အဓိကမဟုတ်သောအသက်မွေးဝမ်းကြောင်း အဖြစ်အသက်ရှင်ရပ်တည်နိုင်မှုအတွက်စိုက်ပျိုးရေး၊ စိုက်ပျိုးမြေ ရရှိရန်လုံခြုံမှုမခိုင်မာသော၊ | အဓိကကျသောအသက်မွေးဝမ်းကြောင်း အဖြစ်အသက်ရှင်ရပ်တည်နိုင်မှုအတွက် စိုက်ပျိုးရေး၊ စိုက်ပျိုးမြေ ရရှိရန်လုံခြုံမှုမြင့်မားသော၊ | စီးပွားဖြစ်နှင့် အဓိကကျသော အသက်မွေးဝမ်းကြောင်း အဖြစ်အသက်ရှင်ရပ်တည်နိုင်မှု အတွက်စိုက်ပျိုးရေး၊ |
| လယ်သမားမျိုးစေ့-စုဆောင်ခြင်းပျံ့နှံ့မှု | မြင့် | အသင့်အတင့်-မြင့် | မြင့် | အသင့်အတင့်-နိမ့် |
| ပါဝင်တက်ရောက်သူများ | စိုက်ပျိုးရေးဖွံ့ဖြိုးမှု လုပ်သား ၃၆ ဦး စည်းဝေးတက်သည်။ | လယ်သမား ၃၆ ဦး(မ ၂၁၊ ကျား၁၆၊ ဒါရန်လူမျိုးစု အားလုံး)၊ မျိုးစေ့ယူလာသူ၂၉ဦး(မ ၂၁၊ ကျား ၈)။ | လားဟူနှင့်အခါလူမျိုးစုလယ်သမား ၃၀ ဦး(မ ၂၂၊ ကျား၈)၊ ၃၀ဦးစလုံးမျိုးစေ့များယူလာသည်။ | ခမာလူမျိုးစုလယ်သမား ၆၀ ဦး(မ ၃၄၊ ကျား၂၆)၊ ၅၄ ဦး မျိုးစေ့များယူလာသည်။ |
| ကိုယ်စားပြု ကျေးရွာ အရေအတွက်နှင့် ပထဝီအနေအထား အရကွာဝေးမှု | အိန္ဒိယ အရှေ့မြောက် တစ်လျှောက်မှအဖွဲ့အစည်း၁၆ ဖွဲ့။ | ကီလိုမီတာများစွာအကွာဝေး အတွင်းမှကျေးရွာ ၃ ရွာ။ | ကီလိုမီတာများစွာအကွာဝေး အတွင်းမှကျေးရွာ ၄ ရွာ။ | ကီလိုမီတာ ၅၀အကွာဝေး အတွင်းမှကျေးရွာ ၁၁ ရွာ။ |
| ဒေသခံလူမျိုးစုအရေအတွက်/တင်ပြသော ဘာသာစကားအဖွဲ့ | ၁၂+ | ၂ | ၄ | ၁ |
| လယ်သမားများယူလာသော မျိုးစေ့ထုပ်များ | များပြားသောအရေအတွက် ၂၅ မျိုး။ | ၁၈၁ ထုပ်။ | ၂၇၄ ထုပ်။ | ၃၅၀ ဝန်ကျင်၊ လယ်သမားတစ်ဦးလျှင် အနည်းဆုံး၅ ခု။ |
| လယ်သမားများ၏အမျိုးအစား နှင့် ပတ်သက်၍ စာရင်းကောက်ယူခြင်း | ပုံမှန်မဟုတ်သော၊ စံထားသောပုံစံမဟုတ်ပါ။ | စံထားသောပုံစံရှိသည်၊ သို့သော်ရှည်လွန်း၍ ရှုပ်ထွေးသည်။ | လယ်သမားများရောက်လာသောအချိန်တွင် တစ်မျိုးစီအတွက် ပိုတို၍လွယ်ကူသော စာရင်းစာရွက်ကို အသုံးပြုသည်။ | လယ်သမားများစာရင်းသွင်းရန် ရောက်လာသောအခါ ဝန်ထမ်းများမှ မျိုးစေ့တစ်မျိုးစီ၏ မျိုးစေ့အမျိုး အစား၊ သိုလှောင်နည်းများနှင့် မူလဒေသများနှင့်ပတ်သက်၍ မေး ခွန်းခြောက်ခုကိုဖြည့်ကြ သည်။ |